# ကရင်အမျိုးသမီးအစည်းအရုံး(KWO)၏ (၈)ကြိမ်မြောက်ညီလာခံ ထုတ်ပြန်ကြေညာချက်

၂၀၂၃ခုနှစ်၊ ဇူလိုင်လ (၅)ရက်နေ့

- ကရင်အမျိုးသမီးအစည်းအရုံး(KWO)၏ (၈)ကြိမ်မြောက်ညီလာခံကို ၂၀၂၃ခုနှစ်၊ ဇွန်လ (၂၉)ရက်မှ ဇူလိုင်လ (၁)ရက်နေ့အထိ ဗဟို၏ အထူးဒေသတစ်နေရာတွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းညီလာခံသို့ ဗဟို အပါအဝင် ကော်သူးလေနယ်မြေ ခရိုင်(၇)ခုနှင့် ဒုက္ခသည်စခန်းများ၏ ကိုယ်စားလှယ်များ၊ လေ့လာသူများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်များ စုစုပေါင်း (၁၂၅)ဦး တက်ရောက်ခဲ့ကြပြီး ထိုအထဲတွင် ကရင်အမျိုးသမီးလူငယ်ခေါင်းဆောင်သင်တန်းကျောင်း အောင်မြင်ခဲ့သည့် ကရင်အမျိုးသမီးအစည်းအရုံး၏ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ထမ်းဆောင်နေကြသည့် အမျိုးသမီးလူငယ်ခေါင်းဆောင် (၅၄)ဦး ပါဝင်ခဲ့ပါသည်။

- ညီလာခံတွင် တက်ရောက်လာသည့်ကိုယ်စားလှယ်များက ပြီးခဲ့သည့် (၆)နှစ်တာအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ၏ အားသာချက်၊ အားနည်းချက်နှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မူဝါဒ(ပေါ်လစီ)များကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ လက်ရှိနိုင်ငံရေးအခြေအနေများကို သုံးသပ်ခြင်း၊ မဟာဗျူဟာချမှတ်ခြင်းနှင့် ၂၀၂၃-၂၀၂၇ခုနှစ်အထိ (၄)နှစ်တာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း ပြုလုပ်ခဲ့ပါသည်။

- ထို့အပြင် ကရင်အမျိုးသမီးများ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်မှုတွင် ပိုမိုပါဝင်လာနိုင်ရန် အကောင်အထည်ဖော်ဆောင်ခြင်းကို ဆွေးနွေးသဘောတူခဲ့ကြပါသည်။ ထိုသို့သော လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နိုင်ရန် လူငယ်အမျိုးသမီးခေါင်းဆောင်များအတွက် နိုင်ငံရေးစွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ဆက်လက် လုပ်ဆောင်သွားရန်လည်း သဘောတူဆုံးဖြတ်ခဲ့ပါသည်။

- ကရင်အမျိုးသမီးအစည်းအရုံးသည် နိုင်ငံရေးလှုပ်ရှားဆောင်ရွက်မှုတွင် ပါဝင်ဆောင်ရွက်နေသည့် အမျိုးသမီးခေါင်းဆောင်များကို ပံ့ပိုးကူညီသွားမည့်အပြင် အမျိုးသမီးနှင့် ကလေးသူငယ်များ၏ အခွင့်အရေးမြှင့်တင်ခြင်း၊ ၎င်းတို့အား အကာအကွယ်ပေးနိုင်မည့် ဥပဒေနှင့် တရားမျှတမှုစနစ်များ ပိုမိုအားကောင်းနိုင်ရန် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်သွားမည်ကိုလည်း ညီလာခံတက်ရောက်လာသည့် အမျိုးသမီးကိုယ်စားလှယ်များက ဆွေးနွေးအတည်ပြုခဲ့ပါသည်။

- ယခု ၈ကြိမ်မြောက် ကရင်အမျိုးသမီးအစည်းအရုံး၏ ညီလာခံတွင် လက်ရှိအခြေအနေနှင့် ကိုက်ညီသော လူသားချင်းစာနာထောက်ထားမှု ကူညီရေးဆိုင်ရာ မူပေါ်လစီအသစ်တစ်ခုကိုလည်း အတည်ပြုနိုင်ခဲ့ပါသည်။ ထိုသို့ လူသားချင်းစာနာထောက်ထားမှု ကူညီရေးလုပ်ငန်းလုပ်ဆောင်ရာတွင် မိမိ

တို့လှုပ်ရှားနယ်မြေအတွင်းရှိ အုပ်ချုပ်ရေးယန္တရားများ၊ အဖွဲ့အစည်းများ လေးစားအသိအမှတ်ပြုရာ မြင့်တင်ဆောင်ရွက်ရန်အတွက်ဖြစ်သည်။

- ညီလာခံတွင် ဗဟိုအမြဲတမ်းကော်မတီဝင် (၄၅)ဦးကို ရွေးကောက်တင်မြှောက်ခဲ့ပြီး ၎င်းတို့အနက် လူငယ်အမျိုးသမီးခေါင်းဆောင် ထက်ဝက်ခန့် ပါဝင်ခဲ့သည်။ ယင်းဗဟိုအမြဲတမ်းကော်မတီ (၄၅)ဦး ထဲမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၁၁)ဦးကို ညီလာခံတက်ရောက်လာသည့် ကရင်အမျိုး သမီးခေါင်းဆောင်ကိုယ်စားလှယ်များက လျှို့ဝှက်မဲဖြင့် ရွေးကောက်တင်မြှောက်ခဲ့ပြီး ထိပ်ပိုင်းခေါင်း ဆောင် (၅)ဦးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) နော်ကညောဖော - ဥက္ကဌ
(၂) နော်စေးစေးဟဲ - ဒု-ဥက္ကဌ
(၃) နော်တာမလာစော - အထွေထွေအတွင်းရေးမှူး
(၄) နော်ဒါးမူ - တွဲဖက်အတွင်းရေးမှူး (၁)
(၅) နော်အဲ့တမွီဖော - တွဲဖက်အတွင်းရေးမှူး (၂) စသည်တို့ဖြစ်သည်။

ဆက်သွယ်ရန်
၁။ နော်ကညောဖော - (+၆၆၈၁၀၂၉၅၅၀၃)
၂။ နော်စေးစေးဟဲ - ( +၆၆၈၉၂၆၆၈၅၇၃)
၃။ နော်တာမလာစော - ( +၆၆၈၁၀၂၉၅၅၀၃)